# သတင်းထုတ်ပြန်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO) ၏ ဒေသခန့်ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးပြည့်စုံဝင်းမောင်သည် ၂၀-၄-၂၀၂၀ ရက်နေ့က ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ရာမောင်းတံတားအနီးတွင် ၎င်းမောင်းနှင်လာသည့် မော်တော်ယာဉ်အား တိုက်ခိုက်ခြင်းခံရမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး၊ အင်္ဂါနေ့ နံနက်စောစောက ကွယ်လွန်သွားခဲ့ကြောင်း အထူးဝမ်းနည်းစွာဖြင့် ကြားသိရပါသည်။ ယင်းဖြစ်ရပ်မှာ WHO တံဆိပ်အမှတ်အသား ထင်ရှားစွာတပ်ဆင်ထားသော မော်တော်ယာဉ်တစ်စီးအား တိုက်ခိုက်ခြင်း ဖြစ်သည့်အပြင် ယင်းမော်တော်ယာဉ်သည် COVID-19 ရောဂါ သံသယရှိလူနာများ၏ နှာခေါင်းတို့ဖတ်နမူနာများအား ရန်ကုန်မြို့ရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပို့ဆောင်ရန် ထွက်ခွာလာစဉ် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း သိရှိရသည့်အတွက် ပိုမို၍ပင် တုန်လှုပ်မိပါသည်။

မြန်မာအစိုးရအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဝန်ထမ်းတစ်ဦး အသက်ဆုံးရှုံးခဲ့ရသည့်အတွက် ကုလသမဂ္ဂ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျန်ရစ်သူမိသားစုတို့အား အထူးစာနာထောက်ထား ဝမ်းနည်းကြေကွဲမိပါကြောင်း ဖော်ပြလိုပါသည်။ COVID-19 ကပ်ရောဂါအား တိုက်ဖျက်ရေးအတွက် မြန်မာအစိုးရ၏ မဆုတ်မနစ် ကြိုးပမ်းမှုများကို ကူညီပံ့ပိုးရန် လူသားချင်းစာနာထောက်ထားမှုတာဝန်ထမ်းဆောင်နေသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မော်တော်ယာဉ်တစ်စီးအပေါ် ယင်းသို့သော ပြစ်တင်ရှုံ့ချဖွယ်ရာလုပ်ရပ် ကျူးလွန်ခဲ့ခြင်းအတွက် မြန်မာအစိုးရအနေဖြင့် များစွာစိတ်မကောင်း ဖြစ်မိပါသည်။

မြန်မာအစိုးရအနေဖြင့် လက်နက်ကိုင်အဖွဲ့များကြောင့် ကြုံတွေ့နေရသည့် အခက်အခဲ စိန်ခေါ်မှုများရှိလင့်ကစား ကမ္ဘာ့ကပ်ရောဂါဘေး ကျော်လွှားနိုင်ရေးအတွက် ကုလသမဂ္ဂ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့နှင့် အတူတကွ နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အစိုးရအနေဖြင့် ယခုဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားရေးအတွက်လည်းကောင်း၊ ယခုကဲ့သို့ ရှုံ့ချဖွယ်လုပ်ရပ်မျိုး ထပ်မံမဖြစ်ပွားစေရန် ကာကွယ်တားဆီးရေး အတွက်လည်းကောင်း၊ ဆောင်ရွက်သွားရန် ခိုင်မာစွာ ဆုံးဖြတ်ထားပါကြောင်း ဖော်ပြအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်

၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၁ ရက်